၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်မှ (၇)ရက် အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ



စဉ်	ပြည်နယ်နှင့် တိုင်းဒေသကြီး	ကျူးလွန်သည့် အကြိမ်ရေ	မှတ်ချက်
၁	စစ်ကိုင်း	၉	
၂	မွန်	၁	
၃	မန္တလေး	၂	
၄	ပဲခူး	၇	
၅	ချင်း	၂	
၆	ရှမ်း	၇	
၇	ရန်ကုန်	၁	
၈	ရခိုင်	၁၄	
	စုစုပေါင်း	၄၃	

ဇန်နဝါရီလ (၁)ရက်မှ (၇)ရက်အတွင်း စစ်အာဏာရှင်တပ်သားများက စစ်ကိုင်းတိုင်းဒေသကြီး၊ပဲခူးတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ် လေကြောင်းအသုံးပြု ဗုံးကြဲ တိုက်ခိုက်ခဲ့သည်။ စစ်အာဏာရှင်တပ်သား များ၏ လေကြောင်းအသုံးပြု ဗုံးကြဲတိုက်ခိုက်မှုကြောင့် တပတ်အတွင်း ပြည်သူ(၄၀)ကျော် သေဆုံးခဲ့ပြီး (၃၀)ကျော် ဒဏ်ရာရခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်မှ ဒေသခံပြည်သူ (၃၀)ကျော်ကို လူသားဒိုင်းအဖြစ် ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦး အကျဉ်းထောင်တွင် စစ်အာဏာရှင်လက်အောက်ခံ အကျဉ်းဦးစီး ဌာနရှိ အမျိုးသမီးဝန်ထမ်းက နိုင်ငံရေးအကျဉ်းသူများကို အာဏာပြ ခြိမ်းခြောက်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်လျက်ရှိသည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with Infogram

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်မှ (၇)ရက် အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ



စဉ်	လူ့အခွင့်အရေး ချိုးဖောက်ခံရသည့် နည်းလမ်းများ	အကြိမ်အရေ
၁	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း	၁၄
၂	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာရခြင်း	၁၂
၃	လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း	၁၅
၄	အသက်မပြည့်သေး ကလေးများ ထိခိုက်ခြင်း	၄
၅	ဗုံးကြဲတိုက်ခိုက်ခြင်း	၈
၆	ဖမ်းဆီးခံရခြင်း	၈
၇	ဖမ်းဆီးခေါ်ဆောင်သွားခံရပြီးနောက် သေဆုံးခြင်း	၁
၈	အာဏာပြ ခြိမ်းခြောက်ခြင်း/ [illegible]	၁
၉	အသက်မပြည့်သေး ကလေးများ သေဆုံးခြင်း	၃
၁၀	ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများမီးရှို့ဖျက်ဆီးခြင်း	၅
၁၁	ပြည်သူပိုင် အဆောက်အဦး/ပစ္စည်းများ ဖျက်ဆီးခြင်း	၃
၁၂	လေကြောင်းအသုံးပြုခြင်း	၉
၁၃	မြေမြှုပ်မိုင်း	၂
၁၄	ပြည်သူပိုင်ပစ္စည်းများသိမ်းယူခြင်း/ခိုးယူခြင်း	၂
၁၅	နေရပ်ဒေသ စွန့်ခွာရခြင်း	၁
၁၆	ဖုန်းလိုင်း ဖြတ်တောက်ခြင်း	၁
၁၇	လူသားဒိုင်း ပြုလုပ်ခြင်း/ဓားစာခံအဖြစ် ဖမ်းဆီးခြင်း	၂

စစ်အာဏာရှင်တပ်သားများ၏ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်မှုကြောင့် တပတ်အတွင်း ပြည်သူ (၅၀)ခန့် သေဆုံးခဲ့ပြီး (၆၀)ကျော် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ စစ်အာဏာရှင် တပ်သားများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် အသက်မပြည့်သူ (၈)ဦး ဒဏ်ရာရရှိခဲ့ပြီး (၃)ဦး သေဆုံးခဲ့ရသည်။ စစ်အာဏာရှင်တပ်သား များ၏ မြေမြှုပ်မိုင်းကြောင့် ပြည်သူ (၂)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ စစ်အာဏာရှင်တပ်သား၏ အစုလိုက် ဖမ်းဆီး သတ်ဖြတ်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်မှ ပြည်သူ(၁၉)ဦး သေဆုံးခဲ့သည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with Infogram